Website: www.cnfhqr.org Email: cnf.headquarters@gmail.com


# စစ်ကောင်စီမှ ကချင်ပြည်၊ မုန်လိုင်ခက် စစ်ဘေးရှောင်စခန်းအား အကြမ်းဖက်ဗုံးကြဲတိုက်ခိုက်မှုအပေါ် ထုတ်ပြန်ကျေညာချက်

**ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့**

ကချင်ပြည်၊ လိုင်ဇာမြို့၊ မုန်လိုင်ခက် စစ်ဘေးရှောင်စခန်းရှိ အပြစ်မဲ့ ပြည်သူများအား အကြမ်းဖက် စစ်ကောင်စီမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ (၉) ရက်နေ့ ည ( ၁၁း ၃၀ ) နာရီခန့်တွင် လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ၊ လူမဆန် အကြမ်းဖက် တိုက်ခိုက်ခဲ့သည့် အပေါ် ပြင်းပြင်း ထန်ထန် ရှုတ်ချသည်။

အကြမ်းဖက် စစ်အုပ်စု၏ အကြမ်းဖက် ဗုံးကြဲ ပစ်ခတ်မှုကြောင့် ကလေးသူငယ်များ၊ အမျိုးသမီးများအပါအဝင် အပြစ်မဲ့ ပြည်သူလူထု (၃၀) ဦးထက်မနည်း အသက်ဆုံးရှုံးပြီး (၅၀) ဦးထက်မနည်းထိခိုက်ဒါဏ်ရာ ရရှိခဲ့ကြကြောင်း ကြားသိရသဖြင့် နစ်နာသူ အပြစ်မဲ့ ပြည်သူများ၊ ကချင်ပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲ၊ ဂရုဏာ ဒေါသောဖြစ်ရပါသည်။

ဤလုပ်ရပ်သည် အကြမ်းဖက် စစ်ခေါင်းဆောင် မင်းအောင်လှိုင်မှ " ငါ မလုပ်ရဲတာ ဘာမှမရှိ " ဟူသော ခြိမ်းခြောက်စကားကို လက်တွေ့အကောင်အထည်ဖော်သည့် စက်ဆုပ်ဖွယ် လုပ်ရပ်ဖြစ်ပြီး အင်မတန် ကြီးလေးသည့် စစ်ရာဇဝတ်မှုကို ကျူးလွန်ချိုးဖောက်သည့် လူမျိုးသုဉ်း သတ်ဖြတ်မှုပင်ဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီအား နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းပြီး ဖယ်ကျင် ကန့်ကွက်အပြစ်ပေးကြပါရန် အလေး အနက် တောင်းဆိုသည်။

CNF/CNA သည် တအူတုံဆင်း ကချင်ညီနောင်များနှင့်အတူ ပြည်သူ့ရန်သူဖြစ်သော အကြမ်းဖက်စစ် ကောင်စီအား ဆက်လက် တိုက်ခိုက်ချေမှုန်းသွားမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးခံယူချက်နှင့် နိုင်ငံရေးဦးတည်ချက်တူညီသော တိုင်းရင်း သားညီနောင်မဟာမိတ်များ၊ NUG အစိုးရ၊ နွေဦးတော်လှန်ရေး လက်နက်ကိုင်အင်အားစုများနှင့်အတူ ပြည်သူ လူထုဘက်မှ ရပ်တည်ပြီး စစ်အာဏာရှင်စနစ်ကျဆုံးသည်အထိ အဆုံးတိုင် တိုက်ပွဲဝင်သွားမည် ဖြစ် သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး


Chin National Front – General Headquarters, Chinland